DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၉၇)

# သမုဒ္ဒရာဝမ်းတစ်ထွာ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# သမုဒ္ဒရာ ဝမ်းတစ်ထွာ

**တိုက် သားသမီးမြေးမြစ်တို့၏လည်းကောင်း အမတဒါန မေ့ဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "သမုဒ္ဒရာ ဝမ်းတစ်ထွာ" အကြောင်း တရားဒေသနာတော်။**

မြန်မာလူမျိုးတွေ ပြောလေ့ ရှိကြတယ်၊ ဝမ်း တစ်ထွာအတွက် ဖြည့်တင်းရတဲ့ပမာဏဟာ ပင်လယ် ကြီးတစ်ခုကို ဖြည့်ရသလိုပဲတဲ့၊ ဘယ်တော့မှ မပြည့် နိုင်ဘူး၊ ပင်လယ်ကြီးလို ကျယ်ပြန့်တယ်၊ ပင်လယ် ကြီးထဲမှာ မြစ်ချောင်းအင်းအိုင်တွေက ဝင်လာတဲ့ရေ တွေနဲ့ ဘယ်လိုပဲ ဖြည့်တင်း ဖြည့်တင်း ပင်လယ်ကြီး ဟာ ပြည့်သွားတယ်လို့ မရှိဘူး၊ လူ့ဘဝရောက်လာ တဲ့ လူသားတွေအနေနဲ့လည်း နေ့စဉ်နဲ့အမျှ အစာ အာဟာရတွေ စားကြရတယ်၊ တစ်ရက်လည်း မပြီး နိုင်၊ နှစ်ရက်လည်း မပြီးနိုင်၊ တစ်သက်လုံးဖြည့်တင်း နေကြရလို့ လူတွေရဲ့တစ်ထွာတစ်မိုက်လောက် ရှိတဲ့ ဝမ်းဗိုက်လေးဟာ ပင်လယ်ကြီးလောက် ဖြည့်တင်းရ ခက်ပါလားလို့ဆိုတဲ့အဓိပ္ပါယ်နဲ့ 'သမုဒ္ဒရာ ဝမ်းတစ် ထွာ'လို့ ဆိုကြတာပေါ့။

မြတ်စွာဘုရားက ယခုလို အာဟာရဖြည့်တင်းရမှုတွေနဲ့ ပတ်သက်လာတဲ့အခါမှာ ကမ္မဋ္ဌာန်း-၄၀ ထဲက နှလုံးသွင်းဆင်ခြင်ရမယ့် ကမ္မဋ္ဌာန်းတစ်ခုအဖြစ် **'အာဟာရေပဋိကူလသညာ'**ကို ဟောခဲ့တယ်၊ အစာအာဟာရနဲ့ပတ်သက်ပြီး စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့အခြေအနေတွေကို ရှုမြင်သုံးသပ်ဖို့ အမှတ်သညာတော့ထားကြဖို့ ဆုံးမဩဝါဒ ပေးတော်မူခဲ့တာ ဖြစ်တယ်။

အဲဒီထဲမှာလည်း **'အာဟာရေပဋိကူလသညာ'** ဆိုတာ 'သမုဒ္ဒရာ ဝမ်းတစ်ထွာ'အကြောင်း ပါတာပဲ၊ ဘယ်တော့မှ မပြည့်နိုင်တဲ့ ဝမ်းဗိုက်တစ်ခုကို ဖြည့်တင်းဖို့ နေ့စဉ်နှင့်အမျှ လုပ်ကိုင်ဆောင်ရွက်နေကြတယ်၊ အဲဒီလုပ်ကိုင်ဆောင်ရွက်နေမှုတွေဟာ ပြီးနိုင်သလားဆိုတော့ ဘယ်တော့မှ မပြီးဘူး၊ ပြည့်စုံသွားပြီ လားလို့ဆိုရင် ဘယ်တော့မှလည်း မပြည့်စုံဘူး။

မိမိတို့ဝမ်းရေး ဖြည့်တင်းမှုအတွက် လူတွေဟာ နေ့စဉ်နှင့်အမျှ စီးပွားဉစ္စာတွေ ရှာကြရတယ်၊ အလုပ်

တွေ လုပ်ကြရတယ်၊ နှုတ်နဲ့ ပြောပြီး လုပ်တယ်၊ ကိုယ်ထိလက်ရောက် လုပ်ကိုင်လှုပ်ရှားပြီးတော့လည်း စီးပွားဥစ္စာတွေ ရှာဖွေကြတယ်၊ အဓိက ဘာလဲလို့ ဆိုရင် ဝမ်းရေးဖြည့်တင်းဖို့ပဲ၊ ဒါကို အသက်မွေးဝမ်းကြောင်းလို့ ခေါ်တာပေါ့။

အဲဒီလို အသက်မွေးဝမ်းကြောင်း လုပ်တဲ့အခါမှာ ကောင်းတဲ့အနေအထားနဲ့ချည်း လုပ်တာ မဟုတ်ဘူး၊ မကောင်းတဲ့အနေအထားနဲ့လည်း လုပ်ကြသည့်အတွက်ကြောင့် သမုဒ္ဒရာဝမ်းတစ်ထွာ ဖြည့်တင်းမှုအတွက် အကုသိုလ်တွေလည်း ဖြစ်ပွားကြတယ်ပေါ့။ အကုသိုလ်တွေ ဖြစ်ပွားလို့ သံသရာဝဋ်ဆင်းရဲမှာ နစ်မွမ်းကြရတယ်၊ အဲဒီတော့ သမုဒ္ဒရာဝမ်းတစ်ထွာကို ဖြည့်ရင်း ဖြည့်ရင်းနဲ့ လူတွေဟာ သံသရာဝဋ်ဆင်းရဲမှာ နစ်မွမ်းပြီးတော့ ဒုက္ခရောက်သွားကြတယ်၊ ဒီသဘောကိုလည်း ဆင်ခြင်စဉ်းစားပြီး ကြည့်ဖို့ လိုတယ်။

ဘဝတစ်ခု ရလာလို့ရှိရင် သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာလို့ ဆိုတဲ့အတိုင်း အစာအာဟာရ မရှိဘူးဆိုရင် ဘဝမှာ ရပ်တည်နိုင်မှာ မဟုတ်ဘူး၊ ဘဝရပ်တည်နေရတာ အဓိကဟာ အစာအာဟာရပဲ ဖြစ်တယ်၊ အစာအာဟာရ စားကြရမှ လူ့ခန္ဓာဆိုတာ တည်တံ့နိုင်တယ်ပေါ့။

ဒါကြောင့်မို့ ဘဝတည်တံ့ရေးအတွက်ဖြစ်တဲ့ အာဟာရကို ရှာဖွေရင်း လူတွေဟာ မကောင်းမှု အကုသိုလ်တွေကို လုပ်မိရက်သား ဖြစ်သွားကြတယ်၊ ဒုစရိုက်တွေ လုပ်ကိုင်ပြီး မိမိတို့ဝမ်းရေးအတွက် ဖြည့်တင်းပေးကြတယ်၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ဒေသနာတော်တစ်ပုဒ် ဟောထားတာ ရှိတယ်၊ မြတ်စွာဘုရားရဲ့အဆုံးအမက လောကမှာ ဖြစ်ပျက်နေမှုတွေနဲ့ အံဝင်ဂွင်ကျ ဖြစ်နေတယ်၊ ဘုရားက လောကမှာ ဖြစ်ပျက်နေတဲ့ လူတွေရဲ့အခြေအနေတွေကို ဆင်ခြင်သုံးသပ်ပြီးတော့ သတိပေး ဟောကြားထားတာ ရှိတယ်၊ အဲဒီဟောကြားထားတာကို

မှတ်သား နာယူကြပြီးတော့ သမုဒ္ဒရာ ဝမ်းတစ်ထွာ အတွက်နဲ့ မိမိတို့ကိုယ်တိုင်ဟာ ဒုစရိုက်လုပ်ငန်းတွေ နဲ့ အသက်မမွေးကြဖို့ အင်မတန်မှ အရေးကြီးတယ် လို့ ဒီလို ပြောရမယ်၊ ဒုစရိုက်တွေနဲ့ အသက်မွေးမိပြီ ဆိုလို့ရှိရင်တော့ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်နဲ့ ဒုက္ခထဲ နစ်မွန်းသွားကြမှာပဲ။

အဲဒီလိုအသက်မွေးတဲ့အခါမှာ အသက်မွေးသူ ဟာ နှစ်မျိုးနှစ်စား ဖြစ်ပေါ်လာခဲ့တယ်။

မြတ်စွာဘုရားရဲ့ ဒေသနာတော်အရ ပြောရ မယ်ဆိုရင် **"သုဇီဝံ အဟိရိကေန"**တဲ့၊ အရှက်မရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အသက်မွေးကျောင်းရှာဖွေဖို့ အတွက် လွယ်ကူတယ်တဲ့၊ လောကကြီးဖြစ်ပျက်နေတဲ့ အခြေ အနေတစ်ခုကို မြတ်စွာဘုရားက ဒီစကားကို ဟော တာ၊ **"သုဇီဝံ အဟိရိကေန"**၊ **အဟိရိကေန** မဟုတ် တာ လုပ်ရမှာ မရှက်တတ်တဲ့ပုဂ္ဂိုလ်ဟာ, **သုဇီဝံ** အသက်မွေးကျောင်းအတွက် ရှာဖွေဖို့ လွယ်ကူတယ်၊

တစ်ဖက်ကို ကြည့်မယ်ဆိုရင်တော့ အရှက်မရှိတဲ့ ပုဂ္ဂိုလ်ဟာ အသက်မွေးမှုအတွက် လွယ်ကူသလိုပဲ။

နောက်တစ်ခုကျတော့ "ဟိရိမတာ စ ဒုဇ္ဇီဝံ"၊ အကုသိုလ်တွေက ရှက်ရွံ့ပြီးတော့နေတဲ့ ပုဂ္ဂိုလ်၊ ဒုစရိုက်လုပ်ငန်းတွေကို ရှောင်ရှားပြီးတော့ သုစရိုက်လုပ်ငန်းနဲ့သာ အသက်မွေးလိုတဲ့ လောကမှာ အရှက်ရှိကြတဲ့ပုဂ္ဂိုလ်မျိုးတွေကျတော့ ဒုဇ္ဇီဝတဲ့၊ အသက်မွေးမှုအတွက် ခက်ခဲတယ်၊ ပင်ပန်းတယ်လို့ ဒီလို ဟောထားတယ်။

ဒီကနေ့ခေတ်မှာလည်း ဆင်ခြင်စဉ်းစားကြည့်ပေါ့။ လောကမှာ စီးပွားတိုးတက်ပြီးတော့ ကြီးပွားနေကြတဲ့ပုဂ္ဂိုလ်တွေ၊ အားလုံးတော့ မဟုတ်ဘူး၊ တော်တော်များများဟာ ဘယ်ထဲ ပါနေတုန်းလို့ဆိုတော့ အဟိရိကလို့ဆိုတဲ့ မဟုတ်တာ လုပ်ရမှာ မရှက်တဲ့ ပုဂ္ဂိုလ်တွေ အသိုင်းအဝိုင်းမှာ ပါဝင်နေကြတယ်၊ ပါဝင်နေသည့်အတွက်ကြောင့် ဒီကနေ့ လူတွေ အသက်ရှင်ဖို့အတွက် အရေးကြီးတဲ့ အစာအာဟာရတွေ

ဆေးဝါးတွေ အသုံးအဆောင်တွေမှ စလို့ လူတွေကို အကျိုးမပြုတဲ့, လူတွေကို ဒုက္ခရောက်စေနိုင်တဲ့အရာ မျိုးတွေ ထည့်သွင်းပြီးတော့ အစစ်အမှန်မဟုတ်တဲ့ အတုအယောင်တွေနဲ့ ပစ္စည်းတွေကို ထုတ်လုပ် ဖြန့်ချီရောင်းဝယ်နေကြတဲ့ပုဂ္ဂိုလ်တွေဟာ ကြီးပွားနေ ကြတယ်။

မြတ်စွာဘုရားရှုမြင်သုံးသပ်တဲ့အတိုင်းပဲ မှန်မှန် ကန်ကန် ရောင်းဝယ်လိုတဲ့ ပုဂ္ဂိုလ်တွေ ပစ္စည်းမှန်မှန် ဈေးမှန်မှန်နဲ့ ရောင်းဝယ်လိုတဲ့ပုဂ္ဂိုလ်တွေဟာ အသက် မွေးကျောင်းပြုဖို့ရာ ခက်လာတယ်၊ မမှန်မကန် လုပ် တဲ့ပုဂ္ဂိုလ်တွေက ရှေ့တန်းရောက်လာတယ်တဲ့၊ ဒီလို ဆိုရမှာပဲ၊ မြတ်စွာဘုရားကိုယ်တိုင်ကလည်း ဒီအတိုင်း ဟောခဲ့တာပဲ။

**"သုဇီဝံ အဟိရိကေန"**- အရှက်မဲ့တဲ့ပုဂ္ဂိုလ် တွေ၊ အရှက်မဲ့တယ်ဆိုတာ ဘာလဲ၊ မကောင်းတဲ့ အလုပ်လုပ်ရမှာ မရှက်ဘူး၊ ဒုစရိုက်နဲ့ အသက်မွေးရ မှာ မရှက်ဘူး၊ ဘယ်သူသေသေ ငတေမာပြီးရော

ဆိုတဲ့ စိတ်ခါတ်နဲ့ မိမိကြီးပွားရင် ပြီးရော တခြားလူ တွေ ဘာဖြစ်ဖြစ်ဆိုတဲ့ အနေအထားမျိုးနဲ့ စီးပွားရှာ ကြတယ်၊ ဆေးဆိုလည်း အတုလုပ်တယ်၊ စားသောက် ကုန်တွေလည်း အတုလုပ်တယ်၊ ပစ္စည်းဥစ္စာတွေ လည်း အတုလုပ်ပြီးတော့ စားသုံးတဲ့ပုဂ္ဂိုလ်တွေကို ကောင်းကျိုး မဖြစ်စေရုံမျှမက ဆိုးကျိုးကို ဖြစ်စေ တတ်တာတွေနဲ့ အသက်မွေးနေတဲ့ပုဂ္ဂိုလ်တွေရဲ့အခြေ အနေကို ဆင်ခြင်သုံးသပ်ကြည့်ပေါ့၊ အဲဒီလို အသက် မွေးတဲ့ထဲမယ် ကိုယ်မပါဖို့ အရေးကြီးတယ်။

လောကမှာ သမုဒ္ဒရာဝမ်းတစ်ထွာလေး ဖြည့်ဖို့ ရာအတွက် ဒုစရိုက်နဲ့ အသက်မွေးပြီဆိုလို့ရှိရင်တော့ ဝမ်းတစ်ထွာလေးပြည့်မယ်လို့ ထင်ပြီးတော့ ကြိုးစား လိုက်တာနဲ့ ပြည့်လာမယ့်အရာကတော့ သံသရာထဲ နစ်မွန်းမယ့် ဆင်းရဲဒုက္ခတွေသာ ဖြစ်တယ်ပေါ့၊ ဝမ်း တစ်ထွာဖြည့်ဖို့ဆိုတာတော့ ဘဝတစ်ခုရလာလို့ရှိရင် သေသည်အထိ ဖြည့်နေကြရမှာဘဲ၊ သို့သော်လည်း သေသည်အထိ ဖြည့်နေရတာကို မြန်မြန်ဖြည့်ချင်လို့

မမှန်မကန်တဲ့စီးပွားရေးတွေ ပြုလုပ်ပြီးတော့ ဒုစရိုက်လုပ်ငန်းနဲ့ အသက်မွေးမယ်ဆိုလို့ရှိရင်ကတော့ ဝမ်းတစ်ထွာ မပြည့်ဘဲနဲ့ ဒုစရိုက်အကုသိုလ်တွေနဲ့ ပြည့်ပြီး သံသရာဆိုတဲ့ ပင်လယ်ကြီးထဲမှာ နစ်မွန်းမယ်၊ အပါယ်ငရဲကနေ ဘယ်တော့မှ တက်လာနိုင်မှာမဟုတ်ဘူးလို့ ဒီလို ဆိုနိုင်တာပေါ့နော်။

လောကမှာ အသက်မွေးမှုချောင်ပြီးတော့ စီးပွားရေးလမ်းဖြောင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်တွေလဲ၊ ကြီးပွားတိုးတက်ဖို့ ခက်ခဲနေတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်တွေလဲ၊ ယေဘူယျ ဒီနှစ်ခုကို နှိုင်းယှဉ်ပြီး မြတ်စွာဘုရားဟောတာ၊ အဓိက ရဟန်းတော်တွေကို ဦးတည်ပြီးတော့ ဟောထားတဲ့ဒေသနာတော်တစ်ပုဒ်ပဲ၊ သို့သော်လည်း ကမ္ဘာလောကမှာရှိတဲ့လူသားတွေအားလုံးနဲ့ သက်ဆိုင်တယ်ပေါ့။

အသက်မွေးဖို့ သက်သာချောင်ချိတယ်၊ အဆင်ပြေတယ်၊ ရလွယ်တယ်၊ စီးပွားဖြစ်လွယ်တယ်၊ အဲဒီလို စီးပွားဖြစ်လွယ်တယ်ဆိုတဲ့အရာတွေဟာ ဘာ

ကြောင့် ဖြစ်လာရသလဲ၊ မြတ်စွာဘုရားက ကြီးပွား တိုးတက်လွယ်တဲ့ပုဂ္ဂိုလ်တွေဟာ ဘာကြောင့် ကြီးပွား တိုးတက်သလဲ၊ အကုန်လုံးကို ပြောတာ မဟုတ်ဘူး၊ ယေဘုယျ ခြုံပြီးတော့ ဟောတဲ့စကား၊ ယေဘုယျ ဆိုတာ ရာခိုင်နှုန်းများတာကိုနော်။

လူတိုင်းလူတိုင်းဟာ မကောင်းတဲ့နည်းနဲ့ စီးပွား ရှာနေကြတာ မဟုတ်ဘူး၊ ကောင်းတဲ့နည်းနဲ့ စီးပွား ရှာတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ်၊ သို့သော် ယေဘုယျ လို့ဆိုတဲ့ ရာခိုင်နှုန်းနဲ့ တွက်ကြည့်ပြီးတော့ ပြောတဲ့ အခါကျတော့ မြတ်စွာဘုရားက ဟောထားတယ်၊ **"သုဓိံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ၊ ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ"**။

မဟုတ်တာ လုပ်ရမှာ မရှက်ဘူးဆိုတဲ့ **အဟိရိက** ပုဂ္ဂိုလ်တွေဟာ အသက်မွေးဝမ်းကျောင်းဖို့ ပစ္စည်း ဥစ္စာရှာဖွေဖို့ လွယ်တယ်၊ အလွယ်တကူနဲ့ ကြီးပွား တိုးတက်တယ်၊ ဒီလိုဆိုတာ၊ ဒုစရိုက်တွေ မဟုတ်တာ လုပ်ရမှာတွေ မရှက်တဲ့ပုဂ္ဂိုလ်ကို **အဟိရိက**။

အဲဒီလို မရှက်တာမှ ဘယ်လောက်ထိအောင် မရှက်တုန်းဆိုတော့ "ကာကသူရေန"လို့ မြတ်စွာဘုရားက ဆက်ပြီးတော့ ဟောထားတယ်၊ ကျီးရဲတစ်ကောင်သည် မကြောက်မရွံ့နဲ့ အစာအာဟာရကို ထိုးသုတ်တတ်သလိုပဲ, ကျီးရဲဟာ ငှတ်အတင်း အစာအာဟာရကို နှိုက်ယူတတ်သလို ဒီပုဂ္ဂိုလ်ဟာ လည်းပဲ စီးပွားရှာတဲ့အခါမှာ လက်ရဲဇက်ရဲ ရှိတယ်၊ ဘယ်သူ့ဆီကပဲဖြစ်ဖြစ် ရတဲ့နည်းနဲ့ ယူတယ်၊ **ရ-သာ လို့ရှိရင် ဘ-နဖူး သိုက်တူးတယ်ဆို**တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်တယ်ပေါ့၊ ပစ္စည်းဥစ္စာရဖို့ တစ်ခုပဲ ကြည့်တယ်၊ တရားသော မတရားသော ဒါတွေကို မစဉ်းစားဘူး၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ **ကာကသူရ** ကျီးရဲတဲ့ မြတ်စွာဘုရားက၊ ကျီးရဲများလိုပဲ အစာရဖို့ တစ်ခုတည်း ကြည့်ပြီးတော့ လက်ရဲဇက်ရဲနဲ့ လုပ်လေ့လုပ်ထ ရှိတဲ့ ပုဂ္ဂိုလ်မျိုးဟာ **သုဇီဝံ** အသက်မွေးဝမ်းကျောင်း ရှာဖွေလို့ လွယ်ကူတယ်၊ စီးပွားဥစ္စာ တက်လွယ်တယ်၊ ဒီလိုပြောတာ။

နောက်တစ်ခုက မံသိနှာ၊ ခုခေတ်ပြောနေတဲ့ စကားရပ်တွေပေါ့၊ တစ်ယောက်နဲ့ တစ်ယောက် အပုပ်ချပြီးတော့ တစ်ယောက် မကောင်းကြောင်း တစ်ယောက် ပြောပြီးတော့ စီးပွားရှာကြတဲ့ ပုဂ္ဂိုလ် တွေ ရှိတယ်၊ မိမိကုန်ပစ္စည်းကို အမွန်းတင်ပြီးတော့ သူများကုန်ပစ္စည်းကို ရှုတ်ချပြောဆိုတဲ့ပုဂ္ဂိုလ်၊ အဲဒီလို လုပ်ပြီးတော့ စီးပွားရှာကြတဲ့ပုဂ္ဂိုလ်တွေ မံသိလို့ ခေါ် တယ်၊ သူများဂုဏ်ကို ချိုးချိုးဖဲ့ဖဲ့ဖြစ်အောင် လုပ်ပြီး တော့မှ စီးပွားရှာတာ၊ အဲဒီပုဂ္ဂိုလ်မျိုးကို ပြောကြတာ "သူများ မျက်ရည်ကျမှ ထမင်းဝတဲ့ ပုဂ္ဂိုလ်မျိုး"လို့ ဒီလို ဆိုကြတာ၊ အဲဒီပုဂ္ဂိုလ်မျိုးဟာလည်းပဲ အသက်မွေး ဝမ်းကြောင်း လွယ်ကူတယ်၊ စီးပွားဥစ္စာ ဖြစ်လွယ် တယ်လို့ ဒီလိုပြောတယ်။

နောက်တစ်ခုက ဘာတုန်းဆိုတော့ "ပက္ခန္ဒိနာ" တဲ့၊ ပက္ခန္ဒိနာဆိုတာ အလုပ်လုပ်တာ ကောင်းပြီး တော့ နာမည်ရလာပြီဆိုရင် ကိုယ်လုပ်တာ မဟုတ် ပေမယ့်လို့ ကိုယ်လုပ်တာလိုလို ဟန်ဆောင်ပြီး ဖော်

ပြုတတ်တဲ့ပုဂ္ဂိုလ်မျိုး၊ ကိုယ်တကယ်လုပ်တာ မဟုတ်ဘဲနဲ့, လုပ်သူက တခြား, အယောင်ဆောင် တံဆိပ်ကပ်တဲ့ပုဂ္ဂိုလ်က တခြား၊ မိမိကိုယ်တိုင်ထုတ်လုပ်တာ မဟုတ်ဘဲနဲ့ တခြားသူထုတ်လုပ်တာကို မိမိရဲ့အမည်နာမတပ်ပြီးတော့ စီးပွားရှာတာမျိုးလည်းပဲ လောကကြီးမှာ ရှိတယ်တဲ့၊ ဒါမျိုးကို **ပဏ္ဍိစ္စနာ**လို့ ခေါ်တယ်။

သူများ လုပ်ထားတဲ့ အလုပ်ကို မိမိ လုပ်သယောင်ယောင် ထင်ရလေအောင် ဟန်ဆောင် လုပ်ကိုင်တတ်တဲ့ပုဂ္ဂိုလ်တွေ၊ သူများအလုပ်ထဲ ပြေးဝင်တတ်တဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာလည်းပဲ အသက်ရှူချောင်တယ်၊ အသက်မွေးဝမ်းကျောင်း လွယ်ကူတယ်၊ ပစ္စည်းဉစ္စာ စီးပွားတိုးတက်လာတယ်၊ ဒါကို အကြောင်းပြုပြီးတော့ ငွေရလွယ်တယ်ပေါ့။

"**ပဂဗ္ဘေန**" ပဂဗ္ဘ ဆိုတာ ကြမ်းကြမ်းတမ်းတမ်း လုပ်တတ်သူ၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ မဟုတ်ဘူး၊ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံတယ်၊ အရောင်းအဝယ်လုပ်တဲ့အခါမှာလည်းပဲ ကြမ်းကြမ်း

တမ်းတမ်း အတင်းအကျပ်လုပ်တာမျိုးတွေ၊ အဲဒါမျိုး တွေလုပ်တဲ့ ပုဂ္ဂိုလ်မျိုးတွေလည်း ရှိတယ်၊ ယဉ်ကျေး သိမ်မွေ့မှု မရှိဘူး၊ တစ်ဖက်သား နစ်နာချင် နစ်နာ ပစေ၊ စိတ်ဓာတ်ရေးရာက စပြီးတော့ ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်မျိုးတွေကို ပဂဗ္ဘလို့ ဒီလိုခေါ်တယ်၊ အဲဒီပဂဗ္ဘ ဆိုတဲ့ ရုန့်ကြမ်းတဲ့ပုဂ္ဂိုလ်မျိုးတွေကလည်းပဲ စီးပွားဖြစ် လွယ်ကြတယ်၊ သူများထက် ပိုပြီးတော့ အမြတ်တွေ ရကြတယ်လို့ ဒီလိုပြောတာနော်။

**"သံကိလိဋ္ဌေန ဇီဝိတံ"** တခြားနည်းမျိုးစုံနဲ့ ညစ်ပတ်တဲ့စိတ်နဲ့ စီးပွားရှာကြသူတွေ၊ မြန်မာပြည် မှာဆိုလို့ရှိရင် အခု မကြားချင်အဆုံးတွေ အများကြီး ပဲ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ ဖြစ်သည့်အား လျော်စွာ ကောင်းရောင်း ကောင်းဝယ် မှန်မှန် ကန်ကန် လုပ်သင့်တယ်ပေါ့၊ မှန်မှန်ကန်ကန် မလုပ် ဘဲနဲ့ မိမိစားဝတ်နေရေး ပြည့်စုံရင်ပြီးရော စားသုံးတဲ့ ပုဂ္ဂိုလ်တွေ ဘာဖြစ်ဖြစ်လို့ဆိုတဲ့ စိတ်ဓာတ်မျိုးဟာ အတော်ကြောက်စရာကောင်းတဲ့စိတ်ဓာတ်မျိုးပဲ၊ အဲဒီ

စိတ်ဓာတ်မျိုးနဲ့ လုပ်နေကြတာ များကုန်ပြီပေါ့။ ဦးရေက တစ တစ တိုးလာတယ်၊ ရိုးရိုးသားသား လုပ်စားနေလို့ ထမင်းမဝဘူး။ ဒီလိုလုပ်မှ ထမင်းဝတယ်လို့ဆိုပြီး အစစ်နဲ့ အတု ရောလို ရော၊ အားလုံး ကြားရသမျှကတော့ အလွန်ကို ကြောက်လန့်စရာကောင်းတဲ့ အနေအထားမျိုးတွေ ရှိနေတယ်။

ငပိထုတ်လုပ်တဲ့ ပုဂ္ဂိုလ်ကလည်း ဓာတ်မြေဩဇာတွေနဲ့ ရောတယ်လို့ ဆိုတာလည်း ကြားနေကြမှာပဲ၊ စားသုံးတဲ့ပုဂ္ဂိုလ်တွေဟာ ဘာတွေ ဖြစ်ကုန်နိုင်သလဲ စဉ်းစားဖို့ ကောင်းတယ်ပေါ့။ ဒီကနေ့ မေတ္တာအခါတော်နေ့လို့ဆိုတော့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေအနေနဲ့ အခုလို တစ်ဖက်သားအကျိုး ပျက်ပြားနိုင်မယ့်အလုပ်မျိုးတွေနဲ့ အသက်မမွေးသင့်ဘူး၊ မိမိစီးပွားမဖြစ်ချင် နေပါစေ၊ တစ်ဖက်သား ဒုက္ခရောက်မယ့်အလုပ်မျိုးကို မလုပ်သင့်ဘူးလို့၊ တစ်ဖက်သားရဲ့ အကျိုးစီးပွားကိုသာ လိုလားမယ်ဆိုတဲ့ မွန်မြတ်တဲ့ စိတ်နေစိတ်ထားတွေနဲ့ပဲ စီးပွားရှာဖို့ သင့်တယ်ပေါ့။

အဲဒီလို မဟုတ်ဘဲနဲ့ ဆိဆိုလည်း အရောအနှော၊ အန္တရာယ်ဖြစ်မယ့်ဟာတွေနဲ့ ရော ရောင်းကြဝယ်ကြ တယ်နော်၊ တခြားဟာ မပြောနဲ့ ဘုန်းကြီးတွေဝတ် တဲ့ သင်္ကန်းတောင်မှပဲ ဓာတုဗေဒဆေးတွေနဲ့၊ ကြာ ကြာဝတ်တဲ့ပုဂ္ဂိုလ်တွေဟာ အရေပြားရောဂါ ဖြစ်လာ နိုင်တဲ့အနေအထားမျိုးတွေ ဖြစ်လာတယ်၊ ဘာဖြစ်လို့ လဲဆိုရင် သင်္ကန်းတွေကိုဆိုးတဲ့ ချည်ဆိုးတဲ့ဆေးတွေ ဟာ လူတွေရဲ့ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ ဆေးတွေ ပါလာတယ်၊ ပါလာသည့်အတွက်ကြောင့် ဆရာဝန်တွေအပြောအရဆိုလို့ရှိရင် ဒါတွေ ကြာကြာ ဝတ်လို့ရှိရင် အရေပြားကို ထိခိုက်ပြီးတော့ ဒုက္ခ ရောက်နိုင်တယ်လို့ ဒီလိုဆိုတယ်၊ အဲဒီတော့ ဒါမျိုးတွေ လည်း လောကမှာ အတော်ကြောက်စရာ ဖြစ်လာ တယ်။

ဘုန်းကြီးတို့ကိုယ်တိုင်ပဲ ဒီသင်္ကန်းတွေဝတ်တဲ့ အခါမှာ တယ်လီဖုန်း Hand Set အဖြူရောင်လေး ကိုင်တာ တဖြည်းဖြည်း အဝါဖြစ်သွားတယ်၊ ဘာဖြစ်

လို့ ဝါသွားသလဲလို့ဆိုရင် ဝတ်တဲ့သင်္ကန်းကနေ ကျွတ်ပြီးတော့ လက်စွဲ၊ လက်က နေပြီးတော့ တယ်လီဖုန်း Hand Set ကို အရောင်ပြောင်းသွားစေတယ်၊ ချွတ်လို့ မရတော့ဘူး၊ ဟော ဒီလိုဖြစ်တာ၊ အဲဒီတော့ ရိုးရိုး အရောင် ဆိုလို့ရှိရင် အကြောင်း မဟုတ်ဘူး၊ လူရဲ့ အရေပြားကို ထိခိုက်စေတတ်တဲ့ ဓာတုဗေဒဆေးမျိုး တွေဆိုလို့ရှိရင် နောက်ထပ်ရောဂါရဖို့ ရှိတယ်။

အစာအာဟာရတွေနဲ့ ပတ်သက်လာလို့ရှိရင် လည်း စားဝံ့စရာ မရှိတော့တဲ့ အနေအထားမျိုး ရောက်လာတယ်၊ ဒါက ကိုယ်ကျင့်တရားတွေ ပျက်ပြား လာတာနဲ့ ပတ်သက်ပြီးတော့ ပြောပြတာ၊ အလကား ပြောတာ မဟုတ်ဘူး၊ တရားပျက်ပြားလာပြီဆိုလို့ရှိ ရင် ဘုန်းကြီးတို့ဆရာတော်ဘုရားကြီး အမိန့်ရှိသလို **"အေး - တရားပျက်ရင်တော့ တစ်ရက်ပြားကြမှာပဲ"** ဆိုတဲ့အတိုင်းပဲနော်၊ ပျက်ပြားမှုတွေ တော်တော်များ လာတယ်လို့ ပြောရမယ်။

ဆီဆိုလည်း မသန့်တာတွေနဲ့ ရောတယ်၊ အကြော်အလှော်ဆိုလည်း မသန့်တာတွေနဲ့ ရောတယ်၊ နောက်ဆုံးမှာ ငှက်ပျောသီးကအစ ဆေးတို့ဆေးစိမ်, စားဝှံ့စရာအနေအထား မရှိတော့ဘူး၊ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ စာရင်းဇယားပြုပြီးတော့ သေသေချာချာကြည့်မယ်ဆိုလို့ရှိရင် အသည်းရောဂါတို့ ကျောက်ကပ်ရောဂါတို့ဟာ ပိုပိုပြီးတော့ များလာတယ်၊ ဘာကြောင့် ဖြစ်ရတာလဲဆိုရင် အစားအသောက်တွေကြောင့် ဖြစ်တယ် ဒီလိုဆိုတယ်။

ပိုးသတ်ဆေးတွေလည်း အလွန်အကျွံ သုံး၊ ဓာတုဗေဒဆေးတွေ ဓာတ်မြေဩဇာတွေ အလွန်အကျွံ အသုံးပြုပြီးတော့ စိုက်ပျိုးထားတဲ့ သီးနှံတွေကို စားကြတဲ့ပုဂ္ဂိုလ်တွေဟာ ဆေးကုလို့ မဆုံးနိုင်အောင် ရောဂါဝေဒနာတွေ ဖြစ်လာကြမှာဘဲ၊ ဒါကြောင့်မို့လို့ ရောဂါဝေဒနာတွေဟာ တဖြည်းဖြည်း များလာတာဟာ အကုသိုလ်ကံကြောင့်ချည်း မဟုတ်ဘူး၊ လူတွေ

လုပ်ခြင်းကြောင့် ရောဂါဝေဒနာတွေ ပိုပိုပြီးတော့ ဖြစ်လာတာ။

မြန်မာနိုင်ငံရဲ့မြေပေါ်မှာ တစ်ချိန်တုန်းက သစ်တောကြီးတွေ လွှမ်းမိုးပြီးတော့ စိမ်းလန်းစိုပြေနေတယ်၊ သာယာတဲ့နိုင်ငံတစ်ခုက အခုအချိန်မှာ တောတွေတောင်တွေဟာ တောပြုန်း တောင်ပြုန်း တောင်ကတုန်း ကြပ်တီးကုန်းဘဝ ရောက်ကုန်တာ ဘယ်သူတွေ လုပ်တာလဲလို့ဆိုရင် လူတွေ လုပ ကြတာပဲ။

ဒီမြေပေါ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ မဆင်မခြင် လုပ်ကိုင်သည့်အတွက်ကြောင့် သဘာဝပတ်ဝန်းကျင်ကြီးဟာ ပျက်စီးသွားပြီးတော့ ဘယ်သူတွေကို ပြန်ပြီးတော့ ထိခိုက်တုန်းဆိုရင် လူတွေကိုပဲ ပြန်ထိခိုက်တာပဲ၊ ဒါတွေဟာ သဘာဝတရားတွေကို မကောင်းအောင် လုပ်ခြင်းသည် မကောင်းကျိုးကို ပြန်ပြီး ဖြစ်စေတယ်ဆိုတဲ့ နိယာမတရားအတိုင်းပဲ၊ ဥပနိဿယပစ္စည်းဖြစ်တဲ့ သဘာဝတောတောင် ရေမြေတွေဟာ လူတွေကို အကျိုးပြုရမယ့်အစား လူတွေ ဖျက်ဆီး

ထားသည့်အတွက်ကြောင့် သူတို့က တစ်ဖန် လူတွေကို ပြန်ဖျက်ဆီးတဲ့အနေအထားမျိုး ရောက်ရှိလာပြီ။

အဲဒီတော့ ဘုန်းကြီးတို့တတွေ ခုချိန်မှာ ဒီသဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းစောင့်ရှောက်သင့်သလို လူသားတွေရဲ့ကျန်းမာရေးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ဖို့ သင့်တယ်၊ နာရေးကူညီမှုအသင်းတွေ ပေါ်လာတယ်ဆိုတာ မကျန်းမာတဲ့သူတွေ များလာတယ်ဆိုတဲ့အဓိပ္ပါယ် ပေါ်နေတယ်၊ နာရေးကူညီမှုအသင်းထက် ကျန်းမာရေးကို ကူညီတဲ့အသင်းက ပိုပြီးတော့ အရေးကြီးတယ်၊ သေသွားမှတော့ ဘာမှ မထူးတော့ဘူး၊ သေသွားတဲ့ပုဂ္ဂိုလ်ကို ပြန်ရှင်အောင်လည်း လုပ်လို့ မရဘူး၊ အေး အရေးကြီးတာတော့ ကျန်းကျန်းမာမာနဲ့ တိုင်းပြည်အကျိုး ဘာသာအကျိုး သာသနာအကျိုး ဆောင်ရွက်နိုင်ကြဖို့၊ ကုသိုလ်တရားတွေ မိမိတို့သန္တာန်မှာ ဖြစ်ပွားစေဖို့ဆိုတာ ဒါက ပိုပြီးတော့ အရေးကြီးတယ်။

အရေးကြီးတာနဲ့ အရေးမကြီးတာ ခွဲခြားသိပြီး တော့ အရေးကြီးတာကို ပိုပြီးတော့ လုပ်သင့် လုပ် ထိုက်ကြတယ်ပေါ့။

မြန်မာနိုင်ငံမှာ ဆေးဝါးနဲ့ စီးပွားရှာတဲ့ပုဂ္ဂိုလ်၊ အစာအာဟာရထုတ်လုပ်မှုနဲ့ စီးပွားရှာတဲ့ပုဂ္ဂိုလ်၊ လူ သုံးကုန်ပစ္စည်းထုတ်လုပ်မှုနဲ့ စီးပွားရှာနေကြတဲ့ပုဂ္ဂိုလ် တွေဟာ လူ့ရဲ့ကျန်းမာရေးကို ထိခိုက်ပြီးတော့မှ စီးပွား ဖြစ်မယ်ဆိုရင် မိမိကိုယ်တိုင်က မလုပ်သင့်ဘူး၊ ဘာ ဖြစ်လို့ မလုပ်သင့်လဲ၊ တစ်ဖက်သားနစ်နာမယ့်အလုပ် ဖြစ်လို့ပဲ၊ တစ်ဖက်သားနစ်နာမယ့်အလုပ်ကို မလုပ် ဘဲ **အ,ဘာယဒါန ဇီဝိတဒါန** အလှူတော်ကြီးကို ပေး ကြဖို့ လိုတယ်၊ မိမိတစ်ဦး စီးပွားရေးလမ်းဖြောင့်ဖို့ အတွက် တစ်ဖက်သား ဒုက္ခရောက်မယ့်အလုပ်မျိုးကို မလုပ်သင့်ဘူး။

အစာအာဟာရဟာ စားပြီးရင် လူကို အကျိုး ဖြစ်စေမှ ကောင်းပါတယ်၊ အကျိုးမဖြစ်စေတဲ့အရာ တွေကို လူတွေစားဖို့ ထုတ်လုပ်ထားရင် မိမိတို့အမြတ်

ရရုံ စီးပွားဖြစ်ရုံသာ ဖြစ်မယ်၊ ဒီတစ်ခုတည်း မကြည့်ဘဲနဲ့ အများသတ္တဝါတွေ ချမ်းသာဖို့ ဆိုတဲ့ မေတ္တာတရားရှေ့ထား ဖြပ္ပုစိုရ်တရားပွားပြီးတော့မှ စီးပွားရှာသင့်တယ်ပေါ့၊ အဲဒီလို မဟုတ်လို့ရှိရင် စီးပွားတော့ ဖြစ်မှာပဲ၊ ဖြစ်ပေါ်လာတဲ့စီးပွားကြောင့် မိမိပစ္စည်းကို အသုံးပြုတဲ့ ကျန်တဲ့ပုဂ္ဂိုလ်တွေဟာ ဒုက္ခအနန္တနဲ့ ကြုံတွေ့ရနိုင်တယ်၊ သံသရာမှာ ရလာတဲ့ဘဝမှာ ကောင်းမှုလည်း မလုပ်နိုင်ကြ၊ တရားမမှလည်း အားမထုတ်နိုင် နှလုံးမသွင်းနိုင်ကြ၊ လူမမာဘဝ ရောက်ရှိပြီးတော့ သနားစရာအနေအထားမျိုးနဲ့ ဘဝတစ်ခုကို အဆုံးသတ်သွားကြမှာ၊ တန်ဖိုးရှိတဲ့ဘဝဟာ ဘာမှ လုပ်လိုက်ရမှာ မဟုတ်ဘူး၊ အေး ဒါကြောင့်မို့လို့ တန်ဖိုးရှိတဲ့ဘဝကို တန်ဖိုးရှိရှိ ကျန်းကျန်းမာမာ အသက်ရှည်ဖို့အတွက် တို့လုပ်တဲ့ပစ္စည်းဟာ အကူအညီဖြစ်ပါစေလို့ မြင့်မြတ်တဲ့စိတ်ဓာတ်တွေ ထားပြီး မသန့်တဲ့ဆီတွေ, မသန့်တဲ့အာဟာရတွေ, လူတွေကို အကျိုးမပြုတဲ့အရာတွေ မိမိတို့

ထုတ်လုပ်ရောင်းချတဲ့ထဲမယ် မပါဝင်ဖို့ ဒါ အင်မတန်မှ အရေးကြီးတယ်။

အဲဒီလို မလုပ်ခြင်းအားဖြင့် ကုသိုလ်မရဘူးလို့ မအောက်မေ့ကြနဲ့၊ ဒါ အလွန်ကြီးမားတဲ့ကုသိုလ်လို့ ခေါ်တယ်၊ ဘာကုသိုလ်တုန်းဆို **အ,ဘယဒါန** **ဇီဝိတဒါန**၊ လူတွေ ဘေးမဖြစ်အောင် စေတနာထားပြီးတော့ လုပ်သည့်အတွက်ကြောင့် **အ,ဘယဒါန**၊ လူတွေ အသက်ရှင်မှုအတွက် အထောက်အကူ ဖြစ်စေတာ ဖြစ်သောကြောင့် **ဇီဝိတဒါန**၊ မေတ္တာတရားထားပြီးတော့ စီးပွားရှာကြမယ်၊ မိမိတို့ပစ္စည်းကို သုံးစွဲကြတဲ့ ပုဂ္ဂိုလ်တွေလည်း ကျန်းမာကြမယ်၊ အသက်ရှည်ကြမယ်၊ အမျိုး ဘာသာ သာသနာရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြမယ်၊ မိသားစုရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြမယ်၊ ကုသိုလ်တရား ဖြစ်ပွားအောင် ကြိုးစားနိုင်ကြမယ်လို့ ဒီလိုအကျိုးတွေ ဖြစ်ပွားစေပါတယ်။

အဲဒီလိုမှ မဟုတ်လို့ရှိရင် မိမိတို့အနေနဲ့ စီးပွား ဖြစ်ရင်ပြီးရော ကျန်တဲ့ပုဂ္ဂိုလ်တွေ ဘာဖြစ်ဖြစ် ကောင်းတာရော မကောင်းတာရော အကုန်လုံး လုပ်ကြမယ်ဆိုလို့ရှိရင် မမှန်မကန်လုပ်တဲ့ ဆေးဝါးတွေ သောက်ကြရလို့ ရောဂါမပျောက်ဘဲနဲ့ ရောဂါတွေ တိုးလာနိုင်တယ်၊ မမှန်ကန်တဲ့အစားအစာတွေကို စားကြရသည့်အတွက်ကြောင့် ကျန်းမာရေးပျက်စီးပြီး တော့ ဆင်းရဲဒုက္ခ ရောက်နိုင်တယ်၊ အဲဒီလို မဖြစ်အောင် လူတိုင်းလူတိုင်းဟာ မေတ္တာစေတနာ ထားပြီးတော့ အဘယဒါန ဇီဝိတဒါန အလှူကို လှူသင့်တယ်၊ ဒါဟာ အင်မတန်ကြီးမြတ်တဲ့ ကုသိုလ်ကောင်းမှုကြီး တစ်ခုပါ။

ဘုရားတည် ကျောင်းဆောက်မှ ကုသိုလ်ရတာ မဟုတ်ပါဘူး၊ စိတ်နေစိတ်ထားကောင်းမွန်စွာ အများချမ်းသာဖို့ ဆောင်ရွက်တာတွေမှန်သမျှဟာ ကုသိုလ်တွေချည်းပါပဲ၊ အများချမ်းသာအောင် ဆောင်ရွက်တဲ့

ကုသိုလ်ဟာ အင်မတန်မှကြီးမားတဲ့ကုသိုလ်လို့ ခေါ်ပါတယ်။

အားလုံးစဉ်းစားကြည့်ပေါ့၊ မစလန္ဒာက မာဃ လုလင်တို့အမှူးပြုတဲ့ လူငယ်လူရွယ်တွေဟာ လူမှု အကျိုးပြုလုပ်ငန်းတွေကို လုပ်ကြတယ်၊ လူတကာ နှစ်သက်တဲ့ ကြည့်ပျော်ရှုဖွယ်ဖြစ်အောင် ပန်းဥယျာဉ် တွေ တည်ဆောက်ကြတယ်၊ လမ်းတွေ ခင်းကြတယ်၊ ပြုပြင်ပေးကြတယ်၊ အများစိတ်နှလုံး ချမ်းသာအောင် ရေတွင်းရေကန်တွေ တူးကြတယ်၊ ဒီလူမှုအကျိုးပြု ကုသိုလ်ကောင်းမှုတွေကြောင့် နတ်ပြည်ရောက်ကြ ရတယ်၊ ဒီကုသိုလ်ကောင်းမှုဟာ ကြီးမားတဲ့ ကုသိုလ် ကောင်းမှုတွေပဲ။

အေး ဒါကြောင့်မို့လို့ မိမိတို့ စီးပွားရှာကြတဲ့ အခါမှာ မည်သူပဲဖြစ်ဖြစ် ကိုယ်ရှာတဲ့စီးပွားရေးကို ကိုယ့်ဟာကိုယ် ဆင်ခြင်သုံးသပ်ပြီးတော့ တို့ရှာတဲ့ စီးပွားရေးကို အကြောင်းပြုပြီးတော့ ဘယ်သူ့ကိုမှ မထိခိုက်ပါစေနဲ့၊ ကျန်းမာရေးကိုလည်း မထိခိုက်ပါ

စေနဲ့၊ စီးပွားရေးကိုလည်း မထိခိုက်ပါစေနဲ့၊ ပညာရေးကိုလည်း မထိခိုက်ပါစေနဲ့၊ မှန်မှန်ကန်ကန် တို့ ထုတ်လိုက်တဲ့ပစ္စည်းကို စားသုံးကြရတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ကျန်းကျန်းမာမာ ပျော်ရွှင်စွာနဲ့ လူ့ဘဝကောင်းကျိုးတွေကို ဆောင်ရွက်နိုင်ကြပါစေဆိုတဲ့ စေတနာ မေတ္တာ ထားလိုက်ပါ၊ ဒီစေတနာ မေတ္တာ ထားလိုက်မယ်ဆိုရင် အဘယဒါနဇီဝိတဒါန အလှူတော်ကြီးကို နေ့စဉ်ပေးလှူနေတာပဲ ဖြစ်တယ်ပေါ့၊ အလွန်မွန်မြတ်ပါတယ်။

ဗုဒ္ဓဘာသာနိုင်ငံအနေနဲ့ မမှန်ကန်တဲ့ပစ္စည်းတွေ ထုတ်လုပ်ရောင်းချခြင်းဟာ ခိုးခြင်း၂၅-ပါးထဲမှာ ပါဝင်နေတာ ဖြစ်လို့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ရှောင်ကြဉ်ကြရမှာ ဖြစ်တယ်ပေါ့။

ခိုးခြင်း၂၅-မျိုးဆိုတာ အတုလုပ်ပြီး ခိုးတာလည်း ခိုးတာပါပဲ၊ အစစ်ထဲကို အတုရောပြီး ခိုးတာလည်း ခိုးတာပဲ၊ အဲဒါကြောင့်မို့လို့ ဒါမျိုးတွေဟာ မလုပ်သင့် မလုပ်ထိုက်တဲ့အရာတွေ ဖြစ်လို့ အကုသိုလ်

တွေ၊ မိမိတို့အတွက် အကုသိုလ်တွေဟာ တစ်ပုံ တစ်ခေါင်းကြီး ဝင်လာပြီး နောက်ဆုံးမှာ ပင်လယ်ထဲသွားတဲ့လှေပေါ်မှာ အဆမတန် ကျောက်တုံးတွေ တင်လို့ရှိရင် အဲဒီလှေသင်္ဘောဟာ နစ်မြုပ်သွားနိုင်သလိုပဲ နေ့စဉ်နဲ့အမျှ စီးပွားရှာရင်း အကုသိုလ်တွေ အဆမတန်လုပ်လာလို့ရှိရင် ဘဝသံသရာမှာ နစ်မြုပ်သွားနိုင်တယ်လို့ဆိုတာကို သတိထားကြဖို့ပေါ့။

မိမိတို့ကိုယ်တိုင် မှန်မှန်ကန်ကန် အသက်မွေးဝမ်းကျောင်းမှုပြုခြင်းဖြင့် တစ်ဖက်သားကို များစွာအကျိုးပြုနိုင်တယ်၊ ဒါကြောင့်မို့လို့ မြတ်စွာဘုရားဟောထားတဲ့ ဒီဒေသနာတော်ထဲမှာ သမုဒ္ဒရာ ဝမ်းတစ်ထွာကို ဖြည့်တင်းတဲ့ပုဂ္ဂိုလ် ၂-မျိုး ရှိတဲ့ထဲမယ် မကောင်းတဲ့အမျိုးအစားက ဘာတုန်း၊ မကောင်းတဲ့ အမျိုးအစား ဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ စီးပွားဖြစ်လွယ်တယ်၊ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေလဲ၊ “**အဟိရိကေန သုဇီဝံ**” မကောင်းမှုဒုစရိုက်တွေကို လုံးဝမရှက်ဘူး၊ မကောင်းမှုလုပ်ရမှာ မရွံ့ဘူး မစက်ဆုပ်ဘူး၊ မကောင်း

တဲ့နည်းနဲ့ အသက်မွေးရမှာ မကြောက်ရွံ့ဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အသက်မွေးဝမ်းကြောင်းအတွက် လွယ်ကူတယ်တဲ့။

အခု မြန်မာနိုင်ငံမှာဆိုလို့ရှိရင် မူးယစ်ဆေးဝါး ဆိုတာလည်း အလွန်ကြီးမားတဲ့အန္တရာယ်ကြီး ဖြစ်လာ တယ်၊ မြန်မာလူမျိုးတွေရဲ့နောက်ဆက် မျိုးဆက်သစ် ကလေးတွေက မူးယစ်ဆေးဝါးထဲမှာ နစ်မွန်းသွား မယ်ဆိုလို့ရှိရင် မြန်မာလူမျိုးတွေရဲ့ မျိုးဆက်တွေဟာ ကြောက်ရွံ့စရာကောင်းတဲ့ အနေအထားမျိုးထိ အောင် ရောက်ရှိသွားနိုင်တယ်ပေါ့။

ဒါကြောင့်မို့ ဒါတွေလည်း ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တယ်၊ ဒီအလုပ် တွေကို သာမန်အလုပ်တွေလို့ မအောက်မေ့လေနဲ့၊ ကြီးမားတဲ့ကုသိုလ်ကောင်းမှုအလုပ်တွေ ဖြစ်ပါတယ်၊ အမျိုး ဘာသာ သာသနာ စောင့်ရှောက်တဲ့ လုပ်ငန်း ဟာလည်း ကြီးမားတဲ့ကုသိုလ်အလုပ်ပဲ ဖြစ်ပါတယ်။

စီးပွားရှာတဲ့အခါမှာလည်း မှန်ကန်တဲ့နည်းနဲ့ စီးပွားရှာပြီးတော့ အများချမ်းသာဖို့အတွက် လုပ်ကိုင်ဆောင်ရွက်မှုဟာလည်း အများကောင်းကျိုးကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်၊ မေတ္တာတရား အခြေခံပြီးတော့ စီးပွားရှာကြရမှာပေါ့။ အဲဒီမှာ စီးပွားဖြစ်ရုံ တစ်ခုတည်းသာ ကြည့်တတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အဟိရိက မဟုတ်တဲ့အလုပ်နဲ့ အသက်မွေးရမှာ မရှက်တဲ့ပုဂ္ဂိုလ်မျိုး၊ **"သုဇီဝံ အဟိရိကေန ကာက-သူရေန ဓံသိနာ"** ကျီးရဲလို လက်ရဲဇက်ရဲရှိတဲ့ပုဂ္ဂိုလ်မျိုးတွေ အသက်မွေးဝမ်းကျောင်း လွယ်တယ်၊ သူတစ်ပါးဂုဏ်ကို ချိုးနှိမ်ပြီးတော့ အထက် တက်လာတဲ့ပုဂ္ဂိုလ်တွေနော်၊ အများကို နင်းပြီးတော့ တက်တယ်ဆိုတဲ့ပုဂ္ဂိုလ်မျိုးတွေ၊ အဲဒီလို တစ်ဖက်သားကို ပျက်လိုပျက်စီး လုပ်ပြီးတော့ မိမိရဲ့ကိုယ်ကျိုးကိုရှာတဲ့ ပုဂ္ဂိုလ်မျိုးတွေဟာ အသက်မွေးဝမ်းကြောင်းအတွက် လွယ်တယ်တဲ့၊ သူများ ကောင်းတာတွေ လုပ်တာကို ကိုယ့်အလုပ်ယောင်ဆောင်ပြီးတော့ သူများအလုပ်ကို

ကိုယ့်အလုပ်ဖြစ်အောင် ဟန်ဆောင်တတ်တဲ့ပုဂ္ဂိုလ်မျိုးတွေလည်းပဲ အသက်မွေးဝမ်းကျောင်းလွယ်တယ်တဲ့၊ နှုတ်ကြွမ်းအာကြွမ်းရှိတဲ့ ပုဂ္ဂိုလ်တွေဟာလည်း အသက်မွေးဝမ်းကျောင်း လွယ်တယ်တဲ့။

နောက်ဆုံးမှာ **သံကိလိဋ္ဌေန** ညစ်ပတ်တဲ့နည်းမျိုးစုံနဲ့ စီးပွားရှာတဲ့ပုဂ္ဂိုလ်တွေဟာလည်းပဲ စီးပွားဖြစ်ကြတယ်လို့ မြတ်စွာဘုရား ဒီလိုဟောထားတယ်။

ရဟန်းတော်တစ်ပါးကို ဦးတည်ပြီးတော့ ဟောတာ ဖြစ်ပေမယ်လို့ လောကလူသားတွေဟာလည်းပဲ ဒီအတိုင်း ဖြစ်နေတယ်ဆိုတာ သိသာထင်ရှားတယ်ပေါ့။ အဲဒီမှာ အသက်မွေးဝမ်းကျောင်းရှာဖွေတဲ့အခါမှာ ခက်ခဲပြီးတော့ ကျပ်တည်းတယ်ဆိုတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ လူတော်လူကောင်းတွေဟာ မကောင်းတဲ့ခေတ်ကာလမှာ နောက်ရောက်သွားတတ်တယ်၊ ဒီတော့ နောက်ရောက်သွားလို့မကောင်းတဲ့အလုပ်နဲ့ ယှဉ်ပြိုင်ရမှာလားဆိုတော့ ဒီလိုတော့ မဟုတ်ဘူး၊ ယှဉ်ပြိုင်စရာ မလိုဘူး။

မြတ်စွာဘုရားက **ဟိရိမတာစ ဒုဋ္ဌိဝံ** ဒုစရိုက်တွေကို ရှက်တယ်၊ မဟုတ်တာ လုပ်ရမှာ ရှက်တယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အသက်မွေးဖို့ ခက်ခဲတယ်တဲ့၊ အသက်မွေးဝမ်းကျောင်းရှာဖွေတဲ့နေရာမှာ သူများလို လွယ်လွယ်ကူကူတော့ ရမှာ မဟုတ်ဘူး၊ သို့သော် မရနိုင်ဘူးလို့ ပြောတာ မဟုတ်ဘူး၊ မှန်မှန်ကန်ကန် ကြိုးစားအားထုတ်ခြင်းဖြင့်တော့ ရလာမှာပဲ၊ အသက်မွေးဝမ်းကျောင်းနဲ့ ပြည့်စုံလာမှာပဲ၊ **ဟိရိမတာစ ဒုဋ္ဌိဝံ** အရှက်ရှိတဲ့ပုဂ္ဂိုလ်တွေ မကောင်းတာ လုပ်ရမှာ ရှက်တဲ့ ပုဂ္ဂိုလ်တွေဟာ အသက်မွေးကျောင်း ခက်တယ်တဲ့၊ ဒီလိုဆိုတယ်ပေါ့နော်။

အဲဒီပုဂ္ဂိုလ်တွေဟာ **နိစ္စံ သုစိ ဂဝေသိနော** ဘယ်တော့ဖြစ်ဖြစ် မဟုတ်တာ မလုပ်ဘူး၊ အမြဲတမ်း **သုစိ ဂဝေသိနော** စင်ကြယ်မှုကို ရှာတယ်၊ မဟုတ်တာနဲ့ အသက်မမွေးဘူး၊ မှန်ကန်တဲ့အရာနဲ့သာ အသက်မွေးတယ်၊ အဲဒီလို မှန်မှန်ကန်ကန် စင်စင်ကြယ်ကြယ်

အသက်မွေးတဲ့ပုဂ္ဂိုလ်မျိုးတွေဟာ အသက်မွေးမှု ခက်ခဲတယ်၊ စီးပွားမဖြစ်လွယ်ဘူးလို့ ဒီလိုဆိုလိုတာနော်။

နောက်တစ်ခုက ဘာလဲလို့ဆိုရင် **အလီနေန** ကြိုးကြိုးစားစား အားထုတ်ရတယ်၊ မကောင်းတဲ့အလုပ်နဲ့ ပတ်သက်လာရင် နောက်တွန့်တာမျိုးတွေ မရှိဘူး၊ ကောင်းတဲ့အလုပ်မှာသာ တွန့်ဆုတ်တတ်တယ်၊ အ,လီန တွန့်ဆုတ်နစ်မှုတွေ မရှိဘူး၊ ရက်ရောတဲ့ သဘော ရှိတယ်၊ **အပဂဗ္ဘေန** ကြမ်းတမ်းတဲ့ စိတ်နှလုံး မရှိဘူး၊ ကိုယ်အမူအရာ နှုတ်အမူအရာ မကြမ်းတမ်းဘူး, သိမ်မွေ့တယ်၊ မှန်မှန်ကန်ကန်လုပ်တယ်၊ စိတ်သဘောထားကောင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးတွေဟာလည်း အသက်မွေးကျောင်းရှာဖွေတဲ့နေရာမှာ အခက်အခဲရှိတယ်။

သုဒ္ဓါဇီဝေန ပဿတာ ကိုယ့်အသက်မွေးလမ်းကြောင်းနဲ့ ပတ်သက်လာလို့ရှိရင် စင်ကြယ်သန့်ရှင်းတဲ့ နည်းလမ်းနဲ့ပဲ အသက်မွေးတယ်၊ အဲဒီစင်ကြယ်သန့်ရှင်းတဲ့ ရိုးရိုးအေးအေး မှန်မှန်ကန်ကန် အသက်မွေး

တဲ့ပုဂ္ဂိုလ်မျိုးတွေဟာ ဒုန္နိဝံ အသက်မွေးကျောင်း ခက်တယ်လို့ ဒါ မြတ်စွာဘုရားက လောကရဲ့သဘာဝ အခြေအနေတစ်ရပ်ကို ဟောကြားတာ။

အဲဒီလို ဟောကြားတဲ့အခါမှာ အသက်မွေးမှု လွယ်ချင်လို့ရှိရင် မဟုတ်တာ လုပ်ကြလို့ ပြောတာ မဟုတ်ဘူး၊ လောကရဲ့သဘာဝကို ရှင်းပြနေတာ၊ လောကမှာ မဟုတ်တာ လုပ်တဲ့လူက ကြီးပွားပြီး ဟုတ်တာ လုပ်တဲ့လူက အောက်ကျနောက်ကျ ဖြစ်နေတယ်၊ ဒီလိုဆိုလိုတာပေါ့၊ အဲဒါ လောကကြီးရဲ့ ကမောက်ကမဖြစ်နေပုံ အခြေအနေကို ပြောပြတာ၊ ဟောကြားတာ။

ဒီတော့ လောကကြီးက ဘယ်လိုပဲ ကမောက်ကမ ဖြစ်စေကာမူ မဟုတ်တာလုပ်လို့ ကြီးပွားတဲ့ ပုဂ္ဂိုလ်က တစ်ခဏမျှသာ ဖြစ်ပြီးတော့ မှန်မှန်ကန်ကန် ကြီးပွားဖို့အတွက် ရုန်းကန်နေရတဲ့ပုဂ္ဂိုလ်ဟာ ရုန်းကန်နေရသော်လည်းပဲ ဒုက္ခပင်လယ်ဝေစေတတ်တဲ့အကုသိုလ်တွေ သူ့မှာ မရှိဘူး၊ မရှိသည့် အတွက်

ကြောင့် သူခံရတဲ့ဒုက္ခဟာ တစ်ခဏမျှသာ ဖြစ်တယ်၊ ထာဝရကျတော့ မေတ္တာ စေတနာတွေ အရင်းခံပြီး လုပ်သည့်အတွက် **အ, ဘယဒါန** မိမိပစ္စည်းကို စား သုံးတဲ့ပုဂ္ဂိုလ်တွေ ဘေးကင်းကြပါစေ၊ **ဇီဝိတဒါန** မိမိ ပစ္စည်းကို စားသုံးတဲ့ပုဂ္ဂိုလ်တွေ အသက်ရှည်ကြပါစေ ဆိုတဲ့ မေတ္တာအခြေခံတရားကြောင့် ဒီပုဂ္ဂိုလ်ဟာ တစ်ဘဝထက် တစ်ဘဝ မြင့်သွားဖို့သာ ရှိတယ်၊ တစ် ခဏအနေအားဖြင့် ကြည့်မယ်ဆိုရင်တော့ ခဲခဲယဉ်း ယဉ်း အသက်မွေးရလို့ ဒီဘဝမှာ နိမ့်ကျသယောင် ယောင် ရှိသော်လည်းပဲ နောင်ဘဝ အဆက်ဆက်မှာ မြင့်သွားမယ့်ပုဂ္ဂိုလ်တွေပါ။

မဟုတ်မတရား အသက်မွေးတဲ့ ပုဂ္ဂိုလ်တွေကျ တော့ ဒီဘဝမှာ လွှားလွှားလွှားလွှားနဲ့ စီးပွားဥစ္စာ တွေ တိုးတက်လာပေမယ့်လို့ မကြာခင်မှာပဲ အကုသိုလ်တွေ အကျိုးပေးလို့ ဆင်းရဲဒုက္ခတွေထဲမှာ နစ်မွန်းသွားနိုင်တယ်တဲ့၊ ဒီသဘောတရားကိုလည်းပဲ ဆင်ခြင်သုံးသပ်ကြည့်ရမယ်၊ ဘုန်းကြီးတို့တတွေဟာ

ဗုဒ္ဓရဲ့တပည့်သာဝကတွေ ဖြစ်သည့်အားလျော်စွာ ရဟန်းသံဃာတွေလည်း ရဟန်းသံဃာတွေအနေနဲ့၊ လူဝတ်ကြောင်တွေလည်း လူဝတ်ကြောင်တွေအနေနဲ့ မှန်ကန်တဲ့နည်းနဲ့ အသက်မွေးကြဖို့ အရေးကြီးတယ်။

ရဟန်းတော်တွေအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် ဒီဒေသနာဟောပြောရခြင်း အကြောင်းရင်းဖြစ်တဲ့ ရဟန်းတော်တစ်ပါးဟာ ရှင်သာရိပုတ္တရာရဲ့တပည့် သာဝကတစ်ဦးဖြစ်တယ်တဲ့၊ သူ့ရဲ့အမည်ကို စူဠသာရီလို့ ဖော်ပြထားတာ ရှိတယ်၊ အဲဒီစူဠသာရီဆိုတဲ့ ကိုယ်တော်က ဆေးပညာအတတ်တတ်တယ်၊ တတ်သည့်အတွက်ကြောင့် ဘာလုပ်လဲ၊ မကျန်းမာတဲ့ ပုဂ္ဂိုလ်တွေကို ပစ္စည်းရလိုမှုနဲ့ ဆေးဖိုးဝါးခယူပြီးတော့ ဆေးကုတယ်၊ ဆေးကုလို့ ရလာတဲ့ပစ္စည်းဥစ္စာတွေနဲ့ အသက်မွေးတယ်၊ လူတွေဆိုရင်တော့ ဆေးကုပြီး အသက်မွေးတာ မကောင်းတဲ့အသက်မွေးမှု မဟုတ်ဘူး၊ စိတ်ထားတတ်လို့ရှိရင် မြင့်မြတ်တဲ့အသက်မွေးမှုတောင် ဖြစ်တယ်၊ သို့သော် ရဟန်းတော်တွေအနေ

နဲ့ ဆေးကုပြီး အသက်မွေးပြီဆိုလို့ရှိရင် မမှန်ကန်တဲ့ အသက်မွေးမှုလို့ ခေါ်တယ်၊ **မိစ္ဆာအာဇီဝ** မှားယွင်းတဲ့ အသက်မွေးမှုလို့ ပြောတာ၊ ရဟန်းသံဃာတွေရဲ့ အသက်မွေးမှုဟာ တစ်အိမ်တစ်ဖွန်းဆွမ်းခံပြီး ရလာတဲ့ အစာအာဟာရပေါ်မှာ မှီခိုပြီးတော့ အသက်မွေးရတာ၊ ဒကာဒကာမတွေက သဒ္ဓါစစ်စစ်နဲ့ လှူတဲ့ အလှူဒါနကို အလှူခံပြီး အသက်မွေးရတာ၊ ဒါဟာ ရဟန်းတော်တွေအဖို့ မှန်ကန်တဲ့အသက်မွေးမှု **သမ္မာအာဇီဝ**လို့ ခေါ်တယ်၊ အဲဒီလို မဟုတ်ဘဲနဲ့ ဆေးကုလို့ရောဂါဝေဒနာပျောက်သွားတဲ့ဒကာဒကာမတွေက ကျေးဇူးတင်ပြီးတော့ ကျောင်းဆောက်လှူတယ်၊ သင်္ကန်းလှူတယ်၊ ဆွမ်းကွမ်းတွေ လှူတယ်၊ ဒီလိုလှူဒါန်းမှုတွေဟာ သဒ္ဓါနဲ့ မဟုတ်ဘူး၊ ကျောင်းဆောက်လှူတာလည်း သဒ္ဓါနဲ့ မဟုတ်ဘူး၊ သင်္ကန်းလှူတာလည်း သဒ္ဓါနဲ့ မဟုတ်ဘူး၊ ဆေးကုတယ်ဆိုတဲ့အကြောင်းကြောင့် လှူတယ်၊ တခြားပစ္စည်းတွေ လှူတယ်ဆိုတာလည်းပဲ ဆေးကုပေးတယ်ဆိုတဲ့

အနေအထားနဲ့ လျှုတာ၊ သဒ္ဓါနဲ့ လျှုတာ မဟုတ်ဘူး၊ **ကံ ကံ၏အကျိုးကို ယုံကြည်လို့ လျှုတဲ့ အလှုကမှ သဒ္ဓါနဲ့ လျှုတယ်လို့ ဒီလိုဆိုလိုတယ်။**

ဒကာဒကာမတွေရဲ့ သဒ္ဓါတရားဟာ ပျက်စီးသွားတယ်လို့ ဒီလိုဆိုလိုတယ်၊ အဲဒီလို ဆေးကုခြင်း ဗေဒင်ဟောခြင်း စတဲ့ တခြားနည်းလမ်းတွေနဲ့ ဘုန်းကြီးတွေ အသက်မွေးမယ်ဆိုလို့ရှိရင် မှားယွင်းတဲ့အသက်မွေးနည်း၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဆိုတဲ့ ပစ္စည်းလေးပါးဟာ မှန်ကန်သောနည်းလမ်းနဲ့သာ ရသင့်တယ်၊ မှန်ကန်သောနည်းလမ်း မဟုတ်ဘဲနဲ့ ဒကာဒကာမတွေကို မြှောက်ပင့် ပေါင်းသင်းဆက်ဆံခြင်း၊ မကြည်ညို ကြည်ညိုအောင် လုပ်ခြင်း၊ ဗေဒင်ဟောခြင်း စတဲ့နည်းတွေနဲ့ ရလာတဲ့ပစ္စည်းတွေဟာ ဗုဒ္ဓ ပဋိကုဋ္ဌ မြတ်စွာဘုရားကိုယ်တိုင်က စက်ဆုပ်တယ်တဲ့၊ ဒီနည်းနဲ့အသက်မွေးတာဟာ ရဟန်းတော်တွေအတွက် မှားယွင်းတဲ့အသက်မွေးမှု ဖြစ်တယ်ပေါ့။

အဲဒီလို အသက်မွေးတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးတုန်းဆို **အဟိရိက** -ဒုစရိုက်နဲ့ အသက်မွေး ရမှာ မရှက်တဲ့ပုဂ္ဂိုလ်မျိုး ဖြစ်တယ်ပေါ့၊ အဲဒီပုဂ္ဂိုလ်မျိုး ဖြစ်လာလို့ရှိရင် ရဟန်းအတွက် နစ်မွန်းဖို့ပဲ ဖြစ်တယ် ပေါ့။

ထို့အတူပဲ လောကမှာ လူတွေ မမှန်မကန်တဲ့ နည်းနဲ့ စီးပွားရှာပြီဆိုလို့ရှိရင် ခိုးခြင်း ၂၅-ပါးထဲမှာ အပါအဝင်ဖြစ်တဲ့ အဒိန္နာဒါန တွင်တွင်ကြီး လုပ်နေ သည့်အတွက်ကြောင့် ထိုပုဂ္ဂိုလ်ရဲ့စီးပွားတက်မှုသည် မှန်ကန်တဲ့နည်းလမ်းနဲ့ စီးပွားတက်လာတာ မဟုတ် ဘူး၊ သမ္မာအာဇီဝ မဟုတ်ဘူး၊ မိစ္ဆာအာဇီဝနဲ့ စီးပွား ရှာတာ ဖြစ်သောကြောင့် နေ့စဉ်နဲ့အမျှ စီးပွားရှာတာ ကို အကြောင်းပြုပြီးတော့ အကုသိုလ်တွေ ဖြစ်နေ မယ်။

အဲဒီတော့ ရှင်သာရိပုတ္တရာရဲ့ တပည့်တစ်ပါး ဖြစ်တဲ့ စူဠသာရီဆိုတဲ့ကိုယ်တော်က ဆေးကုပြီးတော့ ဒကာဒကာမတွေက ကြည်ညိုလို့ ဆွမ်းကောင်း

ကောင်းလှူတဲ့အခါမှာ ရှင်သာရိပုတ္တရာကို သွားလှူသတဲ့၊ အင်မတန်ကောင်းမြတ်တဲ့ တန်ဖိုးကြီးတဲ့ အရသာရှိတဲ့ အစာအာဟာရကို ရှင်သာရိပုတ္တရာလှူပြီးတော့ ဘာပြောတုန်းဆို ဒီမွန်မြတ်တဲ့ဘောဇဉ်ဟာ သူ ဆေးကုလို့ ရတာ ဖြစ်တယ်ပေါ့၊ အရှင်ဘုရားကို တပည့်တော် ကြည်ညိုတယ်၊ လေးစားတယ်၊ ဒါကြောင့်မို့လို့ တစ်သက်လုံး တပည့်တော်က ဆေးကုပြီးတော့ လုပ်ကျွေးပါ့မယ်လို့ လျှောက်တယ်။

ရှင်သာရိပုတ္တရာက ကောင်းတယ် ဆိုးတယ် မပြောတော့ဘူး၊ သူ့ကို အဖက်လုပ်ပြီးတော့တောင် စကားမပြောတော့ဘူး၊ ဘယ်အရာကိုမှ ငဲ့ကွက်ခြင်း မရှိဘဲ စွန့်ပစ်ပြီး ရှင်သာရိပုတ္တရာမထေရ်မြတ်က ဆွမ်းခံပဲ ကြွသွားတယ်၊ သူပြောတာတွေ တစ်ခုမှ လက်မခံဘူး။

ရှေးက ရဟန်းတော်ကြီးတွေဆိုတာ စင်ကြယ်သန့်ရှင်းတဲ့ ပစ္စည်းလေးပါးကိုသာ သုံးစွဲလေ့ ရှိကြတယ်၊ အင်မတန်မှ ဆင်ခြင်တတ်ကြတယ်၊ မမှန်

မကန်တဲ့နည်းနဲ့ ရလာပြီဆိုရင် လုံးဝလက်ခံလေ့ မရှိကြဘူး။

တစ်ခါတုန်းက ရှင်သာရိပုတ္တရာမထေရ်မြတ်တောထဲမှာနေရင်း လေနာရောဂါထတယ်၊ အတူနေဖက်ဖြစ်တဲ့ ရှင်မောဂ္ဂလာန်က "အရှင်ဘုရား လေနာရောဂါ ဘာနဲ့ ပျောက်ဖူးတုန်း"ဆိုတော့ "အိမ်မှာ နေတုန်းကတော့ မယ်တော်ကြီးက နို့ယာဂုလေး ချက်ပြီးအဲဒီထဲမှာ သကာခဲလေး ခပ်ထားတယ်၊ အဲဒီချိုချိုလေးသောက်လိုက်ရရင် လေနာရောဂါ ပျောက်သွားဖူးတယ်"လို့ နှစ်ပါးဒီလိုပြောကြတယ်၊ ရှင်မောဂ္ဂလာန်က နက်ဖြန်ခါ သူ ဆွမ်းခံကြွသွားလို့ အရှင်ဘုရားဘုန်းကံကြီးရင်တော့ ရလာမှာပဲလို့ ပြောပြီး ဆွမ်းခံကြွသွားတယ်၊ နှစ်ပါး ည တိုးတိုးပြောတာကို သူတို့အနီးအပါးမှာရှိတဲ့ ရုက္ခစိုးနတ်က ကြားသွားတယ်။

ကြားသွားပြီး ဘာလုပ်တုန်းဆိုတော့ ရှင်သာရိပုတ္တရာကို ကြည်ညိုတဲ့ ဒကာအိမ် သွားပြီး ကလေးကို ဝင်ပူးတယ်၊ ဝင်ပူးတော့ နတ်မေးတဲ့သူက မေး

တယ်၊ ဘာဖြစ်လို့ ဝင်ပူးတာတုန်း၊ ဘာလုပ်လို့ရှိရင် ကျေနပ်မတုန်းဆိုတဲ့အခါ မနက်ဖန် ရှင်သာရိပုတ္တရာ အတွက် နို့ဃနာချက်ပြီးတော့ သကာခဲလေး ခပ်ပေးတဲ့အစာကို လှူမယ်ဆိုရင် ဒီကလေးကို ပကတိ အတိုင်း ပျောက်စေမယ်လို့ ပြောပြီးတော့ နတ်က ထွက်သွားတယ်။

အဲဒီမှာ လူတွေကလည်း ရှင်သာရိပုတ္တရာ ဆိုတာ တို့အိမ်မှာ အမြဲတမ်းဆွမ်းခံကြွနေတဲ့ မထေရ်မြတ် ဖြစ်တယ်၊ အမြဲတမ်း လှူဒါန်းနေတာ၊ ဒါ ဝန်မလေးဘူးလို့ ဆိုပြီးတော့ အဲဒီအစားအစာကို ကြိုတင်ပြီး လုပ်ထားကြတယ်။

မနက်ကျတော့ ရှင်မောဂ္ဂလာန်လည်း ကြွလာရော ရှင်မောဂ္ဂလာန်ကို လှူတယ်၊ ရှင်မောဂ္ဂလာန်က ယူသွားမလို့ လုပ်တော့ "အရှင်ဘုရား နောက်ထပ် လှူလိုက်ပါ့မယ်၊ အခုဟာကို ဘုဉ်းပေးပါ" ဆိုတော့ ရှင်မောဂ္ဂလာန်က အဲဒီမှာ ဘုဉ်းပေးလိုက်တယ်၊ ရှင်သာရိပုတ္တရာအတွက် သပိတ်ထဲ ထည့်ပြီးတော့ လှူ

လိုက်တယ်၊ ရှင်မောဂ္ဂလာန်က အဲဒီသပိတ်ကို ယူသွားပြီး ရှင်သာရိပုတ္တရာကို "ငါ့ရှင်သာရိပုတ္တရာ - သင့်ရောဂါနဲ့တည့်တဲ့ ဟောဒီအစာကို ရခဲ့ပြီ"ဆိုပြီး ရှင်သာရိပုတ္တရာကို လှမ်းပေးတယ်။

အဲဒီအခါမှာ ရှင်သာရိပုတ္တရာက စဉ်းစားတယ်၊ လွယ်လှချည်လားပေါ့၊ ဘယ်လိုနည်းနဲ့ ရလာပါလိမ့်လို့ စဉ်းစားတယ်၊ ရှင်မောဂ္ဂလာန်ပေါ်မှာ သံသယဖြစ်လို့ စဉ်းစားတာ မဟုတ်ဘူး၊ "တို့ ညက ပြောတဲ့အတိုင်း ရနေပါလား၊ ဘာကြောင့် ဒီလိုဖြစ်ရတာတုန်း"လို့ ကြည့်တဲ့အခါ ညက နတ်ဝင်ပူးပြီးတော့ပြောသွားတာကို တွေ့လိုက်ရတယ်၊ တွေ့လိုက်တာနဲ့တစ်ပြိုင်နက် ရှင်မောဂ္ဂလာန်ကို ပြောတယ်၊ "ငါ့ရှင်မောဂ္ဂလာန် ဒီအစာဟာ မစင်ကြယ်ဘူး"လို့ ပြောတယ်၊ အဲလိုလည်း ပြောလိုက်ရော ရှင်မောဂ္ဂလာန်က သပိတ်ကို ယူပြီး ချက်ချင်းသွန်ပစ်လိုက်တယ်၊ ရှင်မောဂ္ဂလာန်ဆိုတာ စိတ်ကလည်း ခပ်ဆတ်ဆတ်၊

မစင်ကြယ်ဘူးလို့ ပြောတာနဲ့ ချက်ချင်းသွန်ပစ်လိုက်တယ်။

အဲဒီမှာ ရှင်သာရိပုတ္တရာက ဘာပြောတုန်းဆိုရင် "သူ့ဝမ်းဗိုက်ထဲမှာ ရှိနေတဲ့အူတွေ လေနာရောဂါကြောင့် ပြတ်ချင် ပြတ်ထွက်ပါစေ၊ အခုလို မစင်ကြယ်တဲ့ အစာအာဟာရမျိုးကို သူမစားပါဘူး" လို့ ဒီလို ရင့်ကျူးလိုက်တယ်။

ရှင်မောဂ္ဂလာန်က သပိတ်ထဲက နို့ယနာတွေ သွန်ပစ်လိုက်လို့ သပိတ်ထဲက နို့ယနာတွေ မြေကြီးပေါ် လည်း ကျလိုက်ရော ရှင်သာရိပုတ္တရာမှာ ဖြစ်နေတဲ့ လေနာရောဂါလည်း ပျောက်သွားတယ်တဲ့၊ ဒီလို မှတ်တမ်းတစ်ခု ရှိတယ်ပေါ့။

အဲဒီတော့ ရဟန်းတော်တွေဟာ အင်မတန်မှ သန့်ရှင်းစင်ကြယ်တဲ့ အစာအာဟာရမျိုး ပစ္စည်းမျိုးကိုသာ သုံးစွဲလေ့ ရှိကြတယ်၊ အဲဒီလို မဟုတ်ဘဲနဲ့ မိစ္ဆာအာဇီဝနည်းနဲ့ ရလာတာဆိုရင် လုံးဝရှောင်ကြဉ်ကြတယ်တဲ့။

ထို့အတူပဲ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ အနေနဲ့လည်း မိမိတို့ စီးပွားရေးလုပ်ကြတဲ့အခါမှာ ကောင်းရောင်းကောင်းဝယ် မှန်မှန်ကန်ကန် ပစ္စည်းမျိုးနဲ့သာ အရောင်းအဝယ် ပြုသင့်တယ်ပေါ့။ အဲဒီလို အရောင်းအဝယ်ပြုခြင်းအားဖြင့် မိမိပစ္စည်းကို အသုံးပြုကြတဲ့ ပုဂ္ဂိုလ်တွေဟာ ရောဂါဝေဒနာမှ ကင်းရှင်းကြပါစေ၊ အသက်ရှည်ကြပါစေ၊ ဘေးရန်အန္တရာယ်တွေမှ ကင်းရှင်းကြပါစေလို့ ဒီလို မေတ္တာတရား ရှေ့ထားပြီး ဆောင်ရွက်လုပ်ကိုင်ကြမယ်၊ မှန်မှန်ကန်ကန်ပဲ ရောင်းတယ် ဝယ်တယ်၊ ဆေးဝါးအတုတွေ မလုပ်ဘူး၊ အစားအစာထဲမှာ အန္တရာယ်ရှိတာတွေ မထည့်ဘူး၊ ကော်ဖီမစ်ဆိုရင်လည်း ကော်ဖီပဲ ထည့်တယ်၊ မဟုတ်တာတွေ မထည့်ဘူး၊ ဒီလိုပေါ့လေ။

မြန်မာပြည်မှာက မဟုတ်တာတွေ တော်တော်များတယ်၊ ဖရဲသီးတောင်မှ saline သွင်းတဲ့ အပ်နဲ့ ချိတ်ပြီးတော့ ချိုအောင်လို့၊ ကြည့်လိုက်ရင် ရဲနေအောင်လို့ ဒီလိုလုပ်ထားကြတယ်ဆိုတာ ကြားနေရ

တယ်ပေါ့၊ ဘယ်အစားအစာပဲဖြစ်ဖြစ် လူကြိုက်အောင် အယောင်ဆောင်ပြီးတော့ မမှန်မကန်တာတွေ မချိုတာကို ချိုတယ် ထင်အောင်, မလှတာကို လှတယ် ထင်အောင် ပြုပြင် ဆေးတွေ သုံးနေကြတယ်၊ လူတွေ အန္တရာယ်ရှိမှန်း သိရင် မလုပ်သင့်ဘူး၊ ရှောင်ကြဉ်သင့်တယ်ပေါ့။

အဲဒီလို မရှောင်ဘဲနဲ့ ဆက်ပြီးတော့ လုပ်နေမယ်, သိသိကြီးနဲ့ လုပ်နေမယ်ဆိုရင်တော့ ခုနက မေတ္တာတွေ ပျက်စီးလာတာတဲ့အတွက်ကြောင့် မိမိတို့ကိုယ်တိုင်က ခိုးခြင်း၂၅-ပါးထဲမှာပါဝင်တဲ့ အဒိန္နာ-ဒါနကံကြီးကို ကျူးလွန်ပြီး ဖြစ်လိမ့်မယ်၊ လူတွေ ဒုက္ခရောက်အောင် လုပ်တယ်ဆိုတဲ့ ပြစ်မှုနဲ့ အကုသိုလ်တရားတွေ ဖြစ်ပွားပြီး မိမိကိုယ်ကို တုန့်ပြန် ဖိစီးနှိပ်စက်လာမှာပဲ ဖြစ်တယ်ပေါ့။

လူ့ဘဝရရှိလာတဲ့အခါ သမုဒ္ဒရာဝမ်းတစ်ထွာကို အစာအာဟာရအနေနဲ့ ရှာဖွေဖြည့်တင်းရုံသာ ဖြည့်တင်းသင့်တယ်ပေါ့၊ အကုသိုလ်အမှုတွေကို

အသုံးပြုပြီးတော့ မိမိသန္တာန်မှာ ဒုက္ခရောက်စေနိုင်တဲ့ အကုသိုလ်တရားတွေကိုတော့ မဖြည့်တင်းသင့်ဘူး။

ဒါကြောင့်မို့ ဗုဒ္ဓရဲ့အဆုံးအမကို ကြည်ညိုလေးစားအားထားကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် မိစ္ဆာအာဇီဝ မှန်သမျှမှ ရှောင်ကြဉ်ကြပြီး သမ္မာအာဇီဝနဲ့ အသက်မွေးကြဖို့ အင်မတန်မှ ကောင်းပါတယ်၊ သမ္မာအာဇီဝဆိုတာ မဂ္ဂင်ရှစ်ပါးထဲမှာ သီလမဂ္ဂင်မှာပါတဲ့ တရားမြတ်ဖြစ်သည့်အတွက်ကြောင့် နိဗ္ဗာန်ကို သွားတဲ့အခါမှာ အရေးပါတဲ့နေရာမှာ ရှိတယ်၊ ဒီအချက်ကို ကိုယ်စီ ကိုယ်စီ သဘောကျပြီး သမ္မာအာဇီဝဖြင့် အသက်မွေးနိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇေယျ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘမိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ ပုရပိုက်ဓမ္မဖြန့်ချိရေး
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကာရဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အသော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသန္တဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ မွှေကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလှူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် မွှေအမြင်

၈၄။ ရှင်ရာဟုလာ၏ဘ၀နှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။
၉၈။
၉၉။
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ